## February 1 (ဖေဖော်ဝါရီလ ၁)

**သင်သည် လက်ျာဘက်၊ လက်ဝဲလက်သို့ လမ်းလွှဲလျှင်၊ ဤမည်သောလမ်းသည်မှန်၏ဤလမ်း၌ သွားလော့ဟု သင့်နောက်၌ပြောသော စကားသံကို ကိုယ်နားနှင့် ကြားရလိမ့်မည်။ (ဟေရှာ ၃၀း၁၂)**

အကယ် ကျွန်ုပ်တို့သည် လမ်းခွဲသို့ ရောက်ခဲ့သော်(သို့) ကျွန်ုပ်တို့ဘဝအသက်တာ အတွေ့အကြုံများ၌ အန္တရာယ်များ၊အကျပ်အတည်းများ အချို့တို့နှင့်ရင်ဆိုင်ရခဲ့သော်(သို့)လက်ျာဘက်၊လက်ဝဲဘက်သို့ မည်သည့်လမ်းသို့ သွားရမည်ကို မသိခဲ့သော်၊ ကျွန်ုပ်တို့သည် ချက်ခြင်းရပ်လျက်၊ စကားတော်ကို နားထောင်သင့်ပါသည်။ တနည်းအားဖြင့် ပြောရမည်ဆိုလျှင် ဘုရားသခင်၏ နှုတ်ကပတ်တော်သို့ ကျွန်ုပ်တို့သည် ချက်ခြင်းပြန်လှည့်သင့်ပြီး၊ ၎င်း၏သွန်သင်ချက်များနှင့် အခြေခံမှုများကိုငင်း၊ ရှုပ်ထွေးနေသော အကြောင်းအရာနှင့် ပတ်သက်သော ၎င်း၏ပုံဖော်ရှင်းလင်းချက်များကိုငင်း၊ သေချာစွာစဉ်းစားတွေးတောသင့်ပါသည်။ ဘုရားသခင်၏ အလိုတော်ကို သင်ယူရန်ရှာဖွေသင့်သလို သူ၏ဝိညာဉ်တော်အားဖြင့် ဦးဆောင်မှုကိုလည်း တောင်းခံလျက်ချစ်သော၊ ရိုသေလေးမြတ်သော ခိုလှုံကိုးစားသော သဘောထားကဲ့သို့ ကျွန်ုပ်တို့၏စိတ်သဘောကို ယူဆောင်ရန် ကြိုးပမ်းသင့်ပါသည်။

## February 2 (ဖေဖော်ဝါရီလ ၂)

**သင်တို့သည် ဇာတိပကတိအတိုင်း အသက်ရှင်လျှင် သေရကြမည်၊ ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏ အကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်။ ( ရော ၈ း၁၃)**

ဇာတိပကတိအတိုင်း အသက်ရှင်သည်ဆိုသည်မှာ မည်သို့ဖြစ်ပါသနည်း? ကျဆင်းလျက်ရှိနေသောလူ့သဘောသဘာဝအား တောင့်တခြင်းနှင့် ဆန္ဒစိတ်ရှိခြင်း၊ ကျေနပ်အားရခြင်းနှင့် အများနည်းတူလိုက်လျောညီထွေမှုရှိခြင်းနောက်သို့ လိုက်ခြင်းသည် ဇာတိပတိအတိုင်းအသက်ရှင်ခြင်း ဖြစ်သည်ဟု ကျွန်ုပ်တို့ဖြေကြားပါသည်။ ဤအရာကို လုပ်ဆောင်ရန်ဖြစ်နိုင်ချေသည် အလွန်လွယ်ကူသောအရာဖြစ်ပါသည်။ကျွန်ုပ်တို့အားလုံး လုပ်ဆောင်ရမည့်အရာသည် ကျွန်ုပ်တို့၏ လက်ရှိလူဟောင်း၏သဘောသဘာဝကိုစိတ်ဝင်စားမှုကင်းမဲ့စွာဖြင့် စွန့်လွှတ်ပစ်ရန်နှင့် ရပ်စဲရန် ၎င်းအားကြိုးစားတိုက်လှန်ရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဇာတိပကတိအလိုနောက်သို့ လိုက်သည့်အတိုင်း ကျွန်ုပ်တို့သည် မြစ်ချောင်းထဲတွင် စတင်လှွင့်မျှောလျက် တဖြည်းဖြည်းဖြင့် ကျွန်ုပ်တို့၏ လက်ရှိအခြေအနေသည် ပို၍ပို၍ လျင်မြန်လာပြီး ခုခံရန် ပို၍ပို၍ ခက်ခဲလာသည်ကို ကျွန်ုပ်တို့တွေ့ရမည် ဖြစ်ပါသည်။

## February 3 (ဖေဖော်ဝါရီလ ၃)

**ငါ့သား၊ငါ့စကားကို နားထောင်လော့။ ငါဟောပြောချက်တို့ကို နားသွင်းလော့။ သင့်မျက်မှောက်မှ မကွာစေနှင့်၊ နှလုံးတွင်း၌ စောင့်ထားလော့၊ အကြောင်းမူကား ထိုတရားစကားကို တွေ့သော သူတို့သည် အသက်ရှင်ခြင်း ၊တစ်ကိုယ်လုံးကျန်းမာခြင်းအကြောင်းကို တွေ့ရပြီ။ (သု ၃း၂၀-၂၂)**

ကိုယ်ခန္ဓာအပေါ်စိတ်၏လွှမ်းမိုးမှုကို အနည်းငယ်သော သူတို့သာလျှင်သိရှိနားလည်ကြပါသည်။ ယေဘူယျအားဖြင့် စင်ကြယ်သော၊မွန်မြတ်သော၊ သန့်ရှင်းသော အတွေးများသည် စိတ်ပိုင်းဆိုင်ရာနှင့် သိက္ခာပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအခြေအနေပေါ်တွင်သာ သက်ရောက်သော တိုးတက်မြင့်မားခြင်း ရှိယုံမျှသာ မဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာ(ကိုယ်ခန္ဓာ)စနစ်ပေါ်တွင်လည်း ရှိရန် ကျွန်ုပ်တို့၏လူသတ္တဝါများကို ဘုရားသခင် သည်ပြုလုပ်ထားပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် ကြည့်မည်ဆိုလျှင် မစင်ကြယ်သော၊ မွန်မြတ်ခြင်း မရှိသော၊အကျင့်သီလမကောင်းသော ၊မသန့်ရှင်းသောအတွေး(အပြုအမူလည်းအပါအဝင်)တွင် စိတ်ပိုင်း ဆိုင်ရာနှင့်သိက္ခာပိုင်းဆိုင်နှင့် စပ်ဆိုင်သော အရည်အသွေးများကို လျော့ပါးစေရုံသာမကဘဲ ကျဆင်းလျက်ရှိနေသောလူသားတို့၏ အခြေအနေ၌ ရှိသားပြီးသားရောဂါနှင့်စပ်ဆိုင်သော မျိုးစေ့များကို စတင်ပေါက်ရောက်စေရန်အတွက် တိုက်ရိုက်အကျိုးသက်ရောက်မှုတစ်ခုရှိပါသည်။

## February 4 (ဖေဖော်ဝါရီလ ၄)

**ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကို ဆက်ဆံခြင်းနှင့်၎င်း၊ သူ၏ဘေးဒဏ်များကို ခံခြင်းနှင့်၎င်း၊ ကင်းလွတ်အံ့သောငှါ၊ သူ၏အထဲက ထွက်ကြလော့။ (ဗျာ ၁၈း၄)**

"ငါ၏လူမျိုးတို့"ဟူသော အမည်နာမနှင့် ထိုက်တန်သော မည်သူမဆို ဘုရားသခင်၏ အသံကို ကြားလျက် နာခံကာ သူ၏ဘေးဒဏ်များနှင့် ကင်းလွတ်အံ့သောငှါ ဗာဗုလုန်မှ ထွက်လာကြမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဗာဗုလုန်၏ အဖြစ်မှန်အခြေအနေကိုမြင်လျှင်မြင်ချင်း သူတို့သည် သူ၏အပြစ်နှင့် သဘောတူညီခြင်း၌ လုံးဝမရှိကြောင်း ထွက်ပြေးလာခြင်း၌ သူတို့၏ ယုံကြည်ခြင်းကို သက်သေပြကြမည် ဖြစ်ပါသည်။ ယခုထွန်းလင်းလျက်ရှိသော သမ္မာတရားအလင်း၌ ဗာဗုလုန်နှင့် ဘုရား သခင်၏ နာမတော်ကို ကျိန်ဆဲသောသူ၏ သြဝါဒများကို တွေ့မြင်ပြီးနောက် ကျန်ခဲ့သော သူတို့မှာ ကျိန်ဆဲခြင်းများကို ထောက်ခံသောသူနှင့် ဗာဗုလုန်အတန်းအစား တောပင်များထက် ပိုပြီးပြည့်စုံစွာ ဘေးဒဏ်များနှင့် ထိုက်တန်သော သူများအဖြစ် ယူဆသတ်မှတ်ပါသည်။

## February 5 (ဖေဖော်ဝါရီလ ၅)

**ဘုရားသခင်၏အလိုတော် ဟူမူကား မတရားသော မေထုန်ကို ကြဉ်ရှောင်၍ သန့်ရှင်းစေခြင်း ငှါရင်း။ (၁ သက် ၄ း ၃)**

ဘုရားသခင်၏အလိုတော်ကို သေသေချာချာ လေ့လာဆန်းစစ်ရန် သမ္မာကျမ်းစာသို့လာသောအခါ ကျွန်ုပ်တို့အား ဘုရားသခင်တောင်းဆိုသော ကြီးစွာသောအလုပ်သည် အခြားသူများအတွက်လုပ်ဆောင်ရန် မဟုတ်ကြောင်း ကိုယ့်ဇာတိကိုအုပ်စိုးခြင်း၊ အောင်မြင်ခြင်း၊ ချိုးနှိမ်ခြင်း စတဲ့ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၌ လုပ်ဆောင်ရမည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အတွင်းထဲ၌လုပ်ဆောင်ရမည့်ဤအလွန်အရေးကြီး အလုပ်ထက်ပိုပြီး ဂရုစိုက်သင့်သောအရာမရှိပါ။(ဥပမာ-ယုံကြည်ခြင်း အိမ်သူအိမ်သားများကိုအစေခံခြင်း လူအပေါင်းတို့အား ကျွန်ုပ်တို့၏ကောင်းစွာပြုမူခြင်း၊အိမ်၌ရင်း၊ ပြည်ပသာသနာ၌ရင်း စသောအရာများထက်) အဘယ်ကြောင့်ဆိုသော် တမန်တော်ရှင်ပေါလုမှ ပြောဆိုထားသည့်အတိုင်း ကျွန်ုပ်တို့သည်အခြားသူတို့ အား ဧဝံဂေလိတရားကို ကျွမ်းကျင်စွာဟောပြောသော်ငြားလည်း၊ ဆင်းရဲသောသူတို့အား ကျွေးမွေးရန် ကျွန်ုပ် တို့၏ဥစ္စာပစ္စည်းအားလုံးကိုပေးသော်ငြင်း (သို့)ကောင်းသောအမှုအရာအတွက် မာတုရဖြစ်လာခဲ့သော် ငြင်း မေတ္တာမရှိလျှင် (သို့)ကျွန်ုပ်တို့၏အသက်တာကို အုပ်စိုးလျက်ရှိသော အခြေခံမူအဖြစ် ကျွန်ုပ်တို့၌ တိုးတက်လာသော ခမည်းတော်နှင့် သားတော်၏စိတ်သဘောမရှိလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမြင်ရှုထောင့်၌ ဘာမျှမဟုတ်သောသူ ဖြစ်ကြသောကြောင့် ဖြစ်ပါသည်။

## February 6 (ဖေဖော်ဝါရီလ ၆)

**အရှေ့၊အနောက်၊တောင်အရပ်တို့တွင် အဘယ်အရပ်မျှ ကျေးဇူးမပြုနိုင်၊ ဘုရားသခင်သည် စီရင်ပိုင်တော်မူ၏။ တစ်ယောက်ကိုနှိမ့်ချ၍ တစ်ယောက်ကို ချီးမြှောက်တော်မူ၏။ (ဆာ ၇၅း၆-၇)**

အသုံးပြုခံရခြင်းအတွက် ဘယ်တော့မှ ကျေနပ်မှုရှိလိမ့်မည်မဟုတ်သော ပျင်းပြသောဆန္ဒများ ကျွန်ုပ်တို့တွင်ရှိနိုင်ပါသည်။ကျွန်ုပ်တို့ရှာဖွေသော ဂုဏ်အသရေနှင့် ချီးမြှောက်ခြင်းကို ကျွန်ုပ်တို့မသယ်ပိုး နိုင်သည်ကို ဘုရားသခင်တွေ့မြင်နိုင်ပါသည်။ကျွန်ုပ်တို့၏ကောင်းသောအရာအတွက် ဘာဖြစ်သည်ကို ကျွန်ုပ်တို့လုပ်ဆောင်ခြင်းထက် သာ၍ကောင်းသောအရာကို သူသိပါသည်။ထို့ကြောင့် သူသည် သူ၏ မစခြင်း၌ ကျွန်ုပ်တို့အားကျေနပ်အားရစွာ၊ ငြိမ်သက်စွာရှိစေချင်ပါသည်။သို့သော် ပျင်းရိသောသူမဟုတ်ဘဲ ဖွဲလုံ့လရှိသောသူ၊ ဂရုစိုက်ခြင်းမရှိသောသူမဖြစ်ဘဲ သတိနှင့်စောင့်ကြည့်နေသောသူ၊ စိတ်မဝင်စားသောသူ မဟုတ်ဘဲ စိတ်နှလုံးအပြည့်နှင့် ဘုရားသခင်၏အလိုတော်ကိုလုပ်ဆောင်ရန် ဆာငတ်သောပြင်းထန်သော စိတ်အားထက်သန်မှုရှိသောသူ၊ထိန်းချုပ်ခြင်းအောက်မှသီးခံခြင်း၊လစ်လျှူရှုခြင်းနှင့်မေ့လျော့ခြင်းရှိရန် ရောင့်ရဲခြင်းနှင့် သူတို့သည်ရပ်လျက်စောင့်လျက် အစေခံနေကြသောသူများဖြစ်ကြသည်ကို သတိရ အောက်မေ့လျက် သူ၏ကိုယ်ပိုင်ကောင်းစွာရွေးချယ်ထားသောအချိန်နာရီ၌ သူ၏ကျေးဇူးတော်နှင့် စပ်ဆိုင်သောရည်ရွယ်ချက်များကိုပြည့်စုံရန် ဘုရားသခင်သည်ကျွန်ုပ်တို့အားဦးဆောင်နိုင်ပါသည်။

## February 7 (ဖေဖော်ဝါရီလ ၇)

**ချစ်ခြင်းမေတ္တာရှိသောသူသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏အကျိုးကို မဖျက်ဆီးတတ်။ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာဖြစ်သတည်း။(ရော ၁၃:၁၀)**

အသစ်သောပဋိညာဉ်နှင့်စပ်ဆိုင်သော ဤတရား၊ ချစ်ခြင်းမေတ္တာ၊ ကရုဏာ၊ ကြင်နာခြင်း၊ သိမ်မွေ့ခြင်း၊ ကောင်းမြတ်ခြင်းနှင့် သူ၏နှလုံးသားသည် ညီညွတ်မှုမရှိကြောင်းကို တွေ့မြင်ရသောသူသည် ဘုရားသခင်၏သားအဖြစ် လက်ခံခဲ့သောစကားလုံး၏ အရေးပါခြင်း၌ သူသည်ရှိပြီး ခရစ်တော်နှင့်အတူ အမွေခံသောသူတစ်ဦးဖြစ်သည်ဟူသော သက်သေခံချက်(သို့)သက်သေအထောက်အထားလိုအပ်နေသော သူဖြစ်ပါသည်။အကယ်၍ ကျွန်ုပ်တို့၏နှလုံးသားများ၌ ညီအစ်ကိုများအတွက် ချစ်ခြင်းမေတ္တာမရှိခဲ့သော် ယခုလက်ရှိအခြေအနေအောက်၌ မဖြစ်မနေလိုအပ်သော ယဇ်ပူဇော်ခြင်းများကို ပြုလုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့အား သယ်ဆောင်မည့်စိတ်သဘော ကျွန်ုပ်တို့တွင် မရှိသေးပါ။ယဇ်ပူဇော်ခြင်းလမ်း၌ မာနတန်ခိုး (သို့)အချည်းနှီးသော ဂုဏ်အသရေသည် သူတို့အား ဆုပ်ကိုင်လျက် အစိတ်စိတ်အမွှာမွှာကျိုးပဲ့စေမည် ဖြစ်ပြီး တစ်ကိုယ်ကောင်းဆန်ခြင်းသည် အပြည့်အဝထိန်းချုပ်လာသောအခါ မေးခွန်းမေးသောအချိန်သာ လျှင် ရှိလိမ့်မည်ဖြစ်ပါသည်။

## February 8 (ဖေဖော်ဝါရီလ ၈)

**ယုံကြည်အားနည်းသောသူ၊ အဘယ်ကြောင့် ယုံမှားသောစိတ်ဝင်သနည်းဟု မေးတော်မူ၏။ (မ ၁၄:၃၁)**

ယုံကြည်ခြင်းကို တိုးပွားမှုရှိရန်နှင့် ဤမလုံလောက်သော ယုံကြည်ခြင်းကို အောင်မြင်ရန်မည်သို့ လုပ်ရမည်နည်း? ယခင်ကတမန်တော်များကဲ့သို့ "သခင် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို တိုးပွားစေတော်မူပါ" ဟူ၍ ကျွန်ုပ်တို့ဆုတောင်းသင့်သည်ဟုကျွန်ုပ်တို့ဖြေကြားချင်ပါသည်။ ထို့နောက်ဤဆုတောင်းချက်နှင့်အတူ ညီညွတ်ခြင်း၌ လှုပ်ရှားလျက်အယောက်စီတိုင်းသည် မိမိ၏နှလုံးသားထဲ၌ ယုံကြည်ခြင်းကို တိုးတက်စေသင့်ပါသည်။(က)ဘုရားသခင်၏ ဂတိတော်များနှင့်အတူ အဆက်မပြတ် သူ၏မှတ်ဉာဏ်အားပြန်လည်သတိရ စေခြင်းအားဖြင့် ခမည်းတော်ဘုရားသခင်၏ စကားတော်များနှင့် အလွန်ရင်းနှီးကျွမ်းဝင်မှု ရှိလာခြင်း၊(ခ) သခင်ဘုရားနှင့်အတူ ပဋိညာဉ်ပြုလုပ်ခဲ့ပြီးနောက် ဤကတိတော်များသည် သူနှင့်ဆိုင်သောအရာများ ဖြစ်ကြပြီးကျေးဇူးတော် ချီးမွမ်းခြင်းနှင့်အတူ ဆုတောင်းခြင်း၌ ဘုရားသခင်၏ရှေ့တော်မှောက်တွင် သူ၏ နှလုံးသား၌ သူ၏နှုတ်နှင့်အတူ သူနှင့်စပ်ဆိုင်သောအရာများအဖြစ် တောင်းဆိုသင့်ပါသည်။ သူ၏အတွေး များ၌၎င်း၊ ညီအစ်ကိုများနှင့်အတူ သူ၏သန့်ရှင်းသော စည်းဝေးခြင်းများ၌ သူသည် တောင်းဆိုသင့်ပါသည်။

## February  9 (ဖေဖော်ဝါရီလ ၉)

**အို ငါ့ဝိညာဉ် သင်၏ငြိမ်ဝပ်ရာသို့ပြန်လော့။ ထာဝရဘုရားသည် သင်၌ ကျေးဇူးပြုတော်မူပြီ။ (ဆာ ၁၁၆ း ၇)**

ခရစ်ယာန်၏"အတွေး"နှင့်စပ်ဆိုင်သောအလေ့အကျင့်တွင် သူ၏ဝိညာဉ်ပိုင်းဆိုင်ရာ တိုးတက်ခြင်း (သို့)နောက်သို့ပြန်ဆုတ်ခြင်းနှင့် စပ်လျဉ်း၍လုပ်ဆောင်ရန်အမှန်တကယ် များစွာရှိပါသည်။ ၎င်းသည် သူ၏ဝိညာဉ်ပိုင်းဆိုင်ရာ အခြေအနေပြ မာတိကာစာရင်းတစ်ခုလည်း ဖြစ်သကဲ့သို့ အထူးဂရုစိုက်စွာဖြင့် တိုးတက်မှုရှိစေရန် ကောင်းသောအတွေး(စဉ်းစားတွေးတောခြင်း)နှင့်စပ်ဆိုင်သော အလေ့အကျင့်များ လိုအပ်ပါသည်။ အားလပ်ချိန်များ၌ ကျွန်ုပ်တို့၏စိတ်သည် အလေ့အထရှိစွာဖြင့် ပုံမှန်အခြေအနေသို့ "အတွေး"အားဖြင့် ပြန်လာခြင်းကို ဆိုလိုပါသည်။ ကျွန်ုပ်တို့၏အသက်တာနှင့် စပ်ဆိုင်သော လုပ်ဆောင်လျက်ရှိသည် တာဝန်ဝတ္တရားများ၌ အသုံးပြုနေစဉ် ကျွန်ုပ်တို့၏ စိတ်ပိုင်းဆိုင်ရာစွမ်းအားကို အလုပ်ထဲ၌ အဖြစ်မနေ နှစ်မြှုပ်ထားရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ကောင်းစွာလုပ်နိုင်မည်မဟုတ်သောကြောင့် ဖြစ်ပါသည်။ "အပ်"ထားသောနေရာ၌"အပ်"ကို ပြန်ထားသကဲ့သို့ ကျွန်ုပ်တို့၏ အလုပ်တာဝန်များ ဂရုစိုက်မှုများပြီးဆုံးသောအခါ အလေ့အကျင့်ပြုလုပ်ထားသော တွေးတောသည့် အလေ့အကျင့်ကို သူ၏အနားယူရာ ဘုရားသခင်ထံသို့ လျှင်မြန်စွာ ပြန်လာသင့်ပါသည်။ ဤအရာသည် စရိုက်လက္ခဏာ၌ ကောင်းစွာတည်ဆောက်ပေးသော ခရစ်ယာန်မှုတစ်ခု ဖြစ်ပါသည်။

## February 10 (ဖေဖော်ဝါရီလ ၁၀)

**စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊သူတစ်ပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊သစ္စာစောင့်ခြင်း။ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြလော့။(၁ တိ ၄း၁၂)**

ခရစ်ယာန်တိုင်းသည် ကူးယူထိုက်သော ပုံစံတစ်ခုရှိရန်ကြိုးစားအားထုတ်သင့်ပါသည်။သူ၏နေ့စဉ်အသက်တာ၌ခရစ်တော်၏ပုံစံကို သစ္စာရှိစွာ ကြိုးစားအားထုတ်၍ကူးယူသောပုံစံ၊စိတ်အားထက်သန်မှုပုံစံနှင့် အမှုတော်မြတ်၌တက်ကြွသော ဖွဲလုံ့လဝီရိယတို့နှင့် စပ်ဆိုင်သော ပုံစံ၌ကူးယူသင့်သောသူများ အဖြစ်ကြိုးစားအားထုတ်သင့်ပါသည်။လုံးဝဥဿုံစုံလင်ခြင်းပုံစံ၊လုံးဝဥဿုံသိက္ခာပိုင်းဆိုင်ရာသန့်ရှင်းလှပသောဘုန်းအသရေကို ယခုလက်ရှိအသက်တာ၌ရှိရန် ကျွန်ုပ်တို့သည် မမျှော်လင့်နိုင်ပါ။ဤကဲ့သို့သောပုံစံအား ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်၌သာလျှင်ရှိပါသည်။ တမန်တော်ရှင်ပေါလုသည်"ငါ့နောက်သို့လိုက်ပါ" (သို့)ငါတို့နောက်သို့လိုက်ပါဟူသော သဘော၌မပြောဆိုခဲ့ပါ။"ငါသည်ခရစ်တော်၏နည်းတူကျင့်သကဲ့သို့ သင်တို့လည်း ငါ့နည်းတူကျင့်ကြလော့"ဟူ၍ပြောဆိုခဲ့ပါသည်။(၁ ကော ၁၁း၁)တမန်တော်သည် စုံလင်ခြင်းကို ရရှိရန်စိတ်အားထက်သန်စွာ ကြိုးပမ်းအားထုတ်ခြင်းအတွက် အကောင်းဆုံးပုံသက်သေတစ်ခုဖြစ်ခဲ့ပါသည်။ သို့သော်လည်း ခရစ်တော်၌သာလျှင် ရှိခဲ့သော လုံးဝဥဿုံစုံလင်ခြင်းသို့မဟုတ်ပါ။ ကျွန်ုပ်တို့အတုယူသင့်သောအရာမှာ ဘုရားသခင်၏ အလိုတော်ကို ပြီးမြောက်စေရန်အတွက်၎င်း၊ ခရစ်တော်၏ပုံစံကို ကူးယူရန်ကြိုးပမ်းအားထုတ်ခြင်း၌ သူ၏ဖွဲလုံ့လနှင့်ပြင်းထန်သောစိတ်အားထက်သန်ခြင်းတို့ဖြစ်ပါသည်။

## February 11 (ဖေဖော်ဝါရီလ ၁၁)

**ငါ့ကြောင့်သင်တို့ကိုကဲ့ရဲ့ညှင်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာတင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။သင်တို့ရှေ့ကပေါ်ထွန်းသော ပရောဖက်တို့ကို ထိုနည်းတူညှင်းဆဲကြပြီ။ (မ ၅း၁၁၊၁၂)**

ဆန့်ကျင်ခြင်းနှင့်ညှင်းပန်းနှိပ်စက်မှုများသည် ဘုရားသခင်၏အမှုတော်မြတ်၌ တက်ကြွစွာပါဝင် လုပ်ရှားခြင်းနှင့်စပ်လျဉ်း၍ မရှောင်လွှဲမဟန့်တားနိုင်သော ကြုံဆုံရမည့်အရာများဖြစ်ပါသည်။၎င်းတို့အား ကျိုးကြောင်းဆီလျော်စွာဖြင့် ပွင့်ပွင့်လင်းလင်းတွေ့ဆုံသင့်ပါသည်။ အလွန်ကြောက်ရွံ့စရာသတိပေးခြင်း များနှင့်အတူ သူတို့၏ရည်ရွယ်ချက်မအောင်မြင်သောအခါ မိမိသဘောဆန္ဒအတိုင်း လုပ်ဆောင်သော ဆန့်ကျင်သူသည် သူ၏လမ်းကြောင်းကို ကြိုးပမ်းခြင်းမှထွက်ခွာသွားပြီး တစ်ဖက်တွင်လည်း ကျွန်ုပ်တို့ သည်ကယ်တင်ခြင်း သတင်းစကားနှင့်အတူ အခြားသူများထံသို့ပြန်လှည့်ရန်ဖြစ်ပါသည်။ကျွန်ုပ်တို့၏ သခင်ကြုံတွေ့ခဲ့သော အမှုအရာဆန့်ကျင်ခြင်း၌ သူ့နည်းတူကြိုးစားကြသောသူများအားလုံးအတွက် အလွန်တန်ဘိုးရှိသော သင်ခန်းစာများစွာရှိပါသည်။

## February 12 (ဖေဖော်ဝါရီလ ၁၂)

**သင်တို့သည်အလျှင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း၊သည်းခံခြင်းစိတ်သည်အကုန်အစင် ပြုပြင်ပါစေ။ (ယာ ၁း၄)**

သီးခံခြင်းနှင့်စပ်ဆိုင်သော ဤကျေးဇူးတော်ကို လက်တွေ့ကျင်လည်ခြင်းမရှိဘဲ တိုးတက်သော ခြေလှမ်းကိုရရှိနိုင်လိမ့်မည်မဟုတ်ပါ။ဤကျေးဇူးတော်သည် ခရစ်ယာန်စရိုက်လက္ခဏာအား ပိုမိုလှပ အောင်ရေးဆွဲသောကျေးဇူးတော်များမှ တစ်ခုမဟုတ်ပါ(သို့)လောကသားများ၏ အမှားအမှန်ကိုပိုင်းခြား တတ်သောအသိစိတ်မှ ထောက်ခံမှုကိုရရှိဖို့ရန်အတွက်မဟုတ်ပါ(သို့)သူ၏သမ္မာတရားနှင့်ပြည့်စေသော ကျေးဇူးတော်အားလုံးတို့နှင့်စပ်ဆိုင်သော ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက်မဟုတ်ပါ။ ၎င်းမှာလူ၏မစုံလင်ခြင်းနှင့် အားနည်းချက်များ၏ဦးတည်ချက်များကိုတားဆီးရန် စိတ်အားထက်သန်စွာ ကြိုးပမ်းလျက်ရှိသောစိတ်ရှည်သီးခံခြင်းဖြစ်ပါသည်။ဘုရားသခင်ပုံသဏ္ဍာန်ကိုပြန်လည်ရရှိရန် အလွန် သေချာသောဂရုစိုက်ခြင်းနှင့်အတူ ကြိုးပမ်းခြင်းဖြစ်ပါသည်။အမျက်ဒေါသထွက်ရန်နှေးလျက် ကရုဏာ ၌များပြားစွာရှိရန်ဖြစ်ပါသည်။သမ္မာတရားနှင့်ဖြောင့်မတ်ခြင်း၏လမ်းများကို သတိပြုရန်လျှင်မြန်ပြီး ထိုလမ်း၌လျှောက်လှမ်းရန် ချက်ချင်းပြုမူလုပ်ဆောင်ခြင်းဖြစ်ပါသည်။မိမိ၏မစုံလင်ခြင်းများအား သတိ ထားလုပ်ဆောင်လျက် အခြားသူများ၏အားနည်းချက်များနှင့် စာရိတ္တလက္ခဏာချို့ယွင်းချက်များကို ကိုယ်ချင်းစာနာတတ်ခြင်းဖြစ်ပါသည်။

## February 13 (ဖေဖော်ဝါရီလ ၁၃)

**မေတ္တာသည် မလျောက်ပတ်စွာမကျင့်တတ်။ (၁ကော ၁၃း၅)**

မလျောက်ပတ်သောအတွေးများနှင့်စပ်ဆိုင်သော ဤလိုင်းတလျှောက် သခင်ဘုရား၏အမိန့်တော်ကိုလစ်လျူရှုသော မည်သူမဆို မိမိကိုယ်ကိုထောင်ချောက်ဆင်ခြင်းအတွက် ပင့်ကူအိမ်တစ်ခုကို ယက်လုပ်ခြင်းဖြစ်ပါသည်။

လူလူချင်းအပေါ်တွင် သံသယနှင့် မယုံသင်္ကာစိတ်များနှင့် ဖုံးအုပ်ထားသောနှလုံးသားသည် ဘုရားသခင်ကို သံသယရှိရန် တစ်ဝက်မကပြင်ဆင်ထားပြီးဖြစ်ပါသည်။ချဉ်ခြင်းနှင့် ခါးသီးခြင်းနှင့်စပ်လျဉ်းသောစိတ်သဘောသည် သခင်ဘုရား၏စိတ်သဘော(သို့)ချစ်ခြင်းမေတ္တာနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး တစ်ခုမဟုတ်တစ်ခုကအောင်မြင်လိမ့်မည်ဖြစ်ပါသည်။မှားယွင်းသောစိတ်သဘောအစပြုမွေးဖွားလာခြင်းကိုဖယ်ရှားရမည်။သို့မဟုတ်ပါက ၎င်းသည်အသစ်သော သတ္တဝါကိုညစ်ညူးစေလျက် သူ့အားအဝေးသို့နှင်ထုတ်ပစ်မည်ဖြစ်ပါသည်။ဆန့်ကျင်ဘက်အနေဖြင့် ကြည့်မည်ဆိုလျှင် အောင်မြင်သောသူအဖြစ်အသစ်သောသတ္တဝါအောင်မြင်ခဲ့သော် ဤနည်းလမ်းအတိုင်းဖြစ်လိမ့်မည်ဖြစ်ပါသည်။မလျောက်ပတ်သောအတွေးများကို အောင်မြင်မည်ဆိုလျှင် ယခုလောလောဆယ် အခက်အခဲများနှင့် အဖက်ဖက်မှဝင်ရောက်လာသော အခက်အခဲနှောင့်ယှက်မှုများကို ဆန့်ကျင်သောတိုက်ပွဲတစ်ဝက်ကို အောင်မြင်ပြီးဖြစ်ပါသည်။

## February 14 (ဖေဖော်ဝါရီလ ၁၄)

**သို့မဟုတ် သင့်စကားများအားဖြင့် အပြစ်စီရင်ခြင်းကိုခံရလိမ့်မည်ဟုမိန့်တော်မူ၏။(မ ၁၂း၃၇)**

ကျွန်ုပ်တို့၏စကားအားလုံးကို ကျွန်ုပ်တို့၏နှလုံးသားများထဲမှ ဖော်ပြချက်တစ်ခုအဖြစ် သခင်ဘုရားသည် မှတ်ယူပါသည်။အကယ်၍ ကျွန်ုပ်တို့၏စကားများသည် ပုန်ကန်ထကြွသောစကား၊ သစ္စာမဲ့သောစကား၊ မတည်ကြည်သောစကား၊ လေးစားမှုမရှိသောစကား၊ ကြင်နာခြင်းကင်းမဲ့သောစကား၊ ကျေးဇူးကင်းမဲ့သောစကား၊ မသန့်ရှင်းမစင်ကြယ်သောစကားဖြစ်မည်ဆိုလျှင် "နှလုံးသားထဲမှာရှိသည့်အတိုင်းနုတ်မြွက်တတ်သည်"ဟူသော သဘောတရားနှင့်အညီ ကျွန်ုပ်တို့၏နှလုံးသားကိုစီရင်ခြင်းခံရမည်ဖြစ်ပါသည်။မစုံလင်သောလူသားများဖြစ်သကဲ့သို့ ကျွန်ုပ်တို့သည် စကား၌သော်၎င်း၊ အပြုအမူ၌သော်၎င်း အမြဲတမ်းစုံလင်နိုင်ခြင်းသည်မဖြစ်နိုင်ပါ။ကျွန်ုပ်တို့သည်အကောင်းဆုံးကြိုးပမ်းသော်လည်း တစ်ခါတစ်ရံစကား၌မှားနိုင်သလို အပြုအမူ၌လည်းမှားမည်ဖြစ်ပါသည်။သို့သော်လည်း ကျွန်ုပ်တို့၏စကားများနှင့်လမ်းများကို စုံလင်သောထိန်းချုပ်ခြင်းသည် အထူးသတိပြုခြင်းအားဖြင့်၎င်း သစ္စာရှိသောကြိုးစားအားထုတ်ခြင်းအားဖြင့်၎င်း ရှာဖွေရမည့်အရာဖြစ်ပါသည်။

## February 15 (ဖေဖော်ဝါရီလ ၁၅)

**ထိုသခင်၏စကားတော်ကို နားထောင်သောသူမည်သည်ကား ဘုရားသခင်ကိုချစ်ခြင်းမေတ္တာနှင့်အမှန်ပြည့်စုံ၏။ (၁ယော ၂း၅)**

နာခံခြင်းကိုစစ်ဆေးခြင်းဖြစ်ပါသည်။ကျွန်ုပ်တို့သည် သခင်၏စကားတော်ကို နားထောင်သည့်ပမာဏနှင့်အညီ ကျွန်ုပ်တို့၌ဘုရားသခင်ကို ချစ်ခြင်းမေတ္တာသည်ပြည့်စုံမည်ဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည်ခရစ်တော်၏စိတ်သဘော(သို့)သန့်ရှင်းသောဝိညာဉ်တော်(သို့)ဘုရားသခင်၏ဝိညာဉ်တော်ကိုလက်ခံရရှိပြီးဖြစ်မည်ဆိုလျှင် ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ခြင်းနှင့် အလိုဆန္ဒနှစ်မျိုးစလုံးအား ကျွန်ုပ်တို့၌ဖြစ်ပေါ်စေသော အကျိုးသက်ရောက်မှုရှိလိမ့်မည်ဖြစ်ပါသည်(ကျွန်ုပ်တို့၏စွမ်းရည်ပမာဏသို့)ဤစွမ်းရည်သည် တစ်နှစ်ပြီးတစ်နှစ် တိုးတက်လာခြင်း၌ အဆက်မပြတ်ရှိသင့်ပါသည်။ကျွန်ုပ်တို့သည် ပြောင်းလဲ၍အသစ်သောထမြောက်ခြင်းကိုယ်ခန္ဓာများကို အပ်နှင်းခြင်းခံရသည့်တိုင်အထိ ကျွန်ုပ်တို့သည် စုံလင်ခြင်းရှိမည်ဟု မမြော်လင့်နိုင်သော်လည်း တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့သည်သူနှင့်အတူ အဆက်မပြတ်မိဿဟာရရှိနိုင်သော ကျွန်ုပ်တို့၏နှလုံးသားများထဲ၌ သခင်ဘုရားနှင့်အတူ ဆက်သွယ်ခြင်းအားဖြင့် အလွန်နီးကပ်စွာလျှောက်လှမ်းနိုင်ပါသည်။

## February 16 (ဖေဖော်ဝါရီလ ၁၆)

**အသရေထင်ရှားခြင်းနှင့် ရှုတ်ချခြင်း၊ ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်းကိုခံရသဖြင့်၄င်း၊ လှည့်စားသောသူကဲ့သို့ဖြစ်သော်လည်း ဟုတ်မှန်သောသူ. . . တရားဟောခြင်းအခွင့်အရာကိုအပြစ်တင်ခြင်းနှင့်ကင်းလွတ်စိမ့်သောငှာ ထိမိ၍လဲစရာအကြောင်းတစ်စုံတစ်ခုကိုမျှမပြု။(၂ကော၆း၈၊၃)**

ကျွန်ုပ်တို့၏အကောင်းဆုံးစွမ်းဆောင်နိုင်မှုသို့ တာဝန်ဝတ္တရားများကို လုပ်ဆောင်နေစဉ်နှင့် အလွန်မြင့်မားသောပမာဏအဆင့်၍ ကျွန်ုပ်တို့၏အင်နှးအတာများပေါ်သို့ဘုရားသခင်၏ကောင်းချီးမင်္ဂလာနှင့်ကျေးဇူးပြုခြင်းသည် ပေါ်လွင်ထင်ရှားလာသောအခါ မမြော်လင့်ဘဲ ပြဿနာအခက်အခဲများပေါ်ပေါက်လာနိုင်ပါသည်။ကျွန်ုပ်တို့၏ရန်သူသည် ရောက်လာနိုင်ပါသည်။မှောင်မိုက်၏တန်ခိုးသည်အောင်မြင်နေသည်ဟု ထင်မြင်နိုင်ပါသည်။ထို့အပြင် ကျွန်ုပ်တို့၏လူတို့အား တရားစီရင်ခြင်း၌ကျွန်ုပ်တို့သည်ထင်ရှားစွာတရားခံများခေတ္တခဏဖြစ်နိုင်ပါသည်။ဘုရားသခင်၏ကူညီမစခြင်းမှ ပေါ်လွင်စွာစွန့်ပစ်ခံရနိုင်ပါသည်။ဤကဲ့သို့သော အတွေ့အကြုံများသည် သေချာသလောက်နီးပါးကျွန်ုပ်တို့အတွက်လိုအပ်ပါသည်။

"အလင်းထဲမှာ တစ်ယောက်တည်းသွားခြင်းထက် မှောင်မိုက်ထဲမှာ ဘုရားသခင်နှင့်အတူ ကျွန်ုပ်သည် သာ၍လျှောက်ချင်ပါသည်"ဟူ၍ ကျွန်ုပ်တို့သီဆိုနိုင်ပါသည်။

အမှောင်မိုက်ဆုံးသောအချိန်နာရီ၌ ဘုရားသခင်၏ကူညီမစခြင်းကို ခိုလှုံကိုးစားခြင်းနှင့်ဘုရားသခင်၏လက်တော်ကိုကိုင်ဆွဲလိမ့်မည်ဖြစ်သော ဤကဲ့သို့သောကိုးစားခြင်း၊ ဤကဲ့သို့သောယုံကြည်

ခြင်းသို့တိုးတက်လိမ့်မည်ဖြစ်သော ခက်ခဲသောအတွေ့အကြုံများအားဖြင့် ကျွန်ုပ်တို့အားမပို့ဆောင်ခဲ့ဘူးဆိုလျှင် အနှစ်သာရမရှိသော ဝါကြွားမှုတစ်ခုသာဖြစ်နိုင်မည်ဖြစ်ပါသည်။

## February 17 (ဖေဖော်ဝါရီလ ၁၇)

**ငါ့ထမ်းဘိုးကိုတင်၍ ထမ်းကြလော့။ငါ့ထံ၌နည်းခံကြလော့။အကြောင်းမူကား ငါ့ထမ်းဘိုးသည်ထမ်းလွယ်၏။ငါ၏ဝန်လည်းပေါ့၏ဟုမိန့်တော်မူ၏။(မ ၁၁း၂၉၊ ၃၀)**

ဤထမ်းဘိုးကိုထမ်းသောသူများတွင် သူတို့အကျိုးအလို့ငှာအတွက် ခပ်သိမ်းသောအမူအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်ဟူသော ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်စပ်ဆိုင်သောစိတ်ချမှုရှိကြပါသည်။ချိတ်ဆွဲသောဝန်သည် ကြီးမားလေလေကောင်းချီးမင်္ဂလာသည် ကြီးမားလေလေဖြစ်ပြီး ဆုနှင့်ပို၍ထွန်းလင်းခြင်း၌၄င်း၊ သူတို့၏စရိုက်လက္ခဏာများသည်လည်း ပို၍တောက်ပခြင်း၌၄င်းရှိလာမည်ဖြစ်ပြီး ကောင်းကင်ဘုံဆိုင်ရာနိုင်ငံတော်အတွက် သူတို့သည်အရောင်တင်ထားခြင်းခံရသူများအံဝင်ဂွင်ကျသင့်လျော်သောသူများ အသေအချာဖြစ်မည်ဖြစ်ပါသည်။ဤရှုထောင့်မှဝန်အားလုံးသည်ပေါ့ပါးလျက်ရှိပါသည်။အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ထမ်းဘိုးသည် တန်ဖိုးရှိသောကြောင့်ဖြစ်ပါသည်။ထမ်း၍လွယ်ကူသောကြောင့်ဖြစ်ပါသည်။အလွန်ကျိုးကြောင်းစီလျော်သောကြောင့်ဖြစ်ပါသည်။ထို့အပြင် ကျွန်ုပ်တို့ထမ်းဘိုးသည် အလွန်ပေါ့သောကြောင့်ဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော်သခင်ဘုရားသည် ဤထမ်းဘိုး၌ ကျွန်ုပ်တို့နှင့်အတူရှိသောကြောင့်ဖြစ်ပါသည်။

## February 18 (ဖေဖော်ဝါရီလ ၁၈)

**သင်တို့သည်သင်တို့၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချစ်သည်မချစ်သည်ကိုသင်တို့၏ဘုရားသခင်ထာဝရဘုရားသည် စုံစမ်းတော်မူ၏။(တရား ၁၃း၃)**

ဘုရားသခင်၏နိုင်ငံတော်သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် နှလုံးသားထဲ၌သခင်ယေရှုနှင့်တူလာကြသောသူများအတွက်သာလျှင် ရည်ညွှန်းပါသည်။နှလုံးသားထဲ၌သူတို့သည် သူတို့၏ဘုရားသခင်အားချစ်ကြမည်ဖြစ်ပြီး“ကျွန်ုပ်၏အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်၏အလိုတော်အတိုင်းဖြစ်ပါစေ”ဟူ၍ပြောနိုင်မည်ဖြစ်ပါသည်။ဘုရားသခင်၏နိုင်ငံတော်အတွက် ကျွန်ုပ်တို့အားလက်ခံနိုင်ရန်ပြုလုပ်ပေးနိုင်သည့်ဤပြည့်ဝသော ဆက်ကပ်အပ်နှံခြင်းထက် အခြားအခြေအနေမရှိပါ။အဘယ်ကြောင့်ဆိုသော်ဘုရားသခင်အားအပြည့်အဝချစ်ခြင်းနှင့် အပြည့်အဝမိမိအလိုကိုအပ်နှံခြင်းကို ရည်ညွှန်းသောအခြားအခြေအနေမရှိပါ။သူ့ကိုချစ်တော်မူသောသူများအတွက် ဘုရားသခင်ပြင်ဆင်ထားသောအရာများသည်မျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ လူ၏စိတ်နှလုံးဖြင့် မကြံစည်နိုင်သောကောင်းကင်ဘုံဆိုင်ရာအရာများဖြစ်သည်ကို ကျွန်ုပ်တို့မမေ့လျော့ကြပါစို့နဲ့။

## February 19 (ဖေဖော်ဝါရီလ ၁၉)

**စင်ကြယ်သောသူတို့အား ခပ်သိမ်းသောအရာတို့သည် စင်ကြယ်လျက်ရှိကြ၏။မစင်ကြယ်မယုံကြည်သောသူတို့အား အဘယ်အရာမျှမစင်ကြယ်။သူတို့၏နှလုံးလည်းမစင်ကြယ်။ကိုယ့်ကိုကိုယ်သိသောစိတ်လည်းမစင်ကြယ်။သူတို့သည်ဘုရားသခင်ကိုသိယောင်ဆောင်သော်လည်း၊ အကျင့်အားဖြင့် ဘုရားသခင်ကိုငြင်းပယ်ကြ၏။စက်ဆုပ်ရွံ့ရှာသောသူ၊ နားမထောင်သောသူ၊ ကောင်းသောအမှုတစ်ခုကိုမျှပြုတတ်သော ဉာဏ်မရှိသောသူဖြစ်ကြ၏။(တိတု ၁း၁၅၊ ၁၆)**

မည်မျှလောက်ကြောက်စရာကောင်းသောအရာဖြစ်သည်မဟုတ်လော။ ဘုရားသခင်၏လူသားများသည် မည်မျှလောက်ဂရုပြုမှုသင့်သည်မဟုတ်ပါလော။ စင်ကြယ်သောနှလုံးသားများ၊ စင်ကြယ်သောစိတ်များရှိရုံမျှသာမကဘဲ ထိခိုက်လွယ်သောသူတို့၏အသိစိတ်များ၊ (ဩတ္တပ္ပစိတ်)ကိုလည်းဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အတူ သဘောတူညီမျှ၍ စောင့်ရှောက်ရမည်ဖြစ်ပါသည်။ကျွန်ုပ်တို့ကိုယ်ကို စီရင်ခြင်းအားဖြင့်သာလျှင် ဤအခြေအနေကိုထိန်းသိမ်းနိုင်ပါသည်။ကျွန်ုပ်တို့အား ဘုရားသခင်ပေးတော်မူခဲ့သောစံနှုန်း(သို့)သူ၏ချစ်ခြင်းမေတ္တာတရားအားဖြင့် ပြင်းထန်စွာမကြာခဏစီရင်သင့်ပါသည်။

ရည်ရွယ်ချက်မရှိဘဲ တဝဲလည်လည်သွားလာနေသည့် ကျွန်ုပ်၏စိတ်ကိုဖမ်းရန်နှင့် စတင်လောင်ကျွမ်းလျက်ရှိသောမီးကိုငြိမ်းသတ်ရန်အတွက် ကျွန်ုပ်သည်ချစ်မြတ်နိုးသောဆန္ဒစိတ်ကဖြစ်စေရန်ဦးစွာချဉ်းကပ်ချင်ပါသည်။

## February 20 (ဖေဖော်ဝါရီလ ၂၀)

**သင်တို့တွင်အကြင်သူသည် သီလဆောက်တည်ဟန်ပြုသော်လည်း၊ မိမိနှုတ်ကိုမချုပ်တည်းဘဲ မိမိနှလုံးကိုလှည့်ဖြား၏။ထိုသူ၏သီလသည် အချည်းအနှီးသက်သက်ဖြစ်၏။(ယာ ၁း၂၆)**

အဘယ်ကြောင့်ဆိုသော် နှုတ်သည်နှလုံးသား၏ဖော်ပြချက်(မာတိကာအညွှန်း)ဖြစ်သောကြောင့်ဖြစ်ပါသည်။နှလုံးသားထဲမှာပြည့်လျက်ရှိသည့်အတိုင်း နှုတ်မြွက်တတ်သောကြောင့်ဖြစ်ပါသည်။ထို့ကြောင့်မချုပ်တည်းသောနှုတ်၊ တစ်ကိုယ်ကောင်းဆန်စွာပြောဆိုခြင်း၊ မနာလိုစွာပြောဆိုခြင်း၊ ခါးသီးစွာပြောဆိုခြင်း၊ ဝါကြွားစွာပြောဆိုခြင်း၊ သိက္ခာကျအောင်မဟုတ်မမှန်ပြောဆိုခြင်းသည် သူ၏အထဲ၌ဤအရာများနှင့်ပြည့်လျှံလျက် ခရစ်တော်၏စိတ်သဘောမရှိခြင်း မစင်ကြယ်သော၊ မသန့်ရှင်းသောနှလုံးသားဖြစ်သည်ဟု သက်သေပြနေပါသည်။ထိုနှလုံးသားသည် လွတ်မြောက်ခြင်းမရှိ၊ လွတ်မြောက်နိုင်သောအခြေအနေ၌မရှိသည့်အတိုင်း ရရှိထားသော ဘယ်လိုယုံကြည်ချက်မျိုးမဆို အချည်းအနှီးဖြစ်ပါသည်။သို့သော် ကောင်းမြတ်သောဒေါက်တာသည် အဆိပ်မိနေသောလူအတွက် ဆေးကိုညွှန်ပြခဲ့ပါသည်။လမ်းညွှန်ချက်များနှင့်အညီ သင့်လျော်စွာလျှောက်လှမ်းမည်ဆိုလျှင် ခါးသီးသောနှလုံးသားသည် ချိုမြိန်လာမည်ဖြစ်ပါသည်။ (ဆေး =လမ်းညွှန်ချက်များ)

## February 21 (ဖေဖော်ဝါရီလ ၂၁)

**အကယ်စင်စစ် အကျွန်ုပ်၏ကျောက်၊ အကျွန်ုပ်၏ရဲတိုက်ကား၊ ကိုယ်တော်ပေတည်း။နာမတော်အဘို့အလိုငှာ အကျွန်ုပ်ကိုလမ်းပြ၍ သွန်သင်ပဲ့ပြင်တော်မူပါ။(ဆာ ၃၁း၃)**

စိတ်သာယာချမ်းမြေ့ဖွယ်ကောင်းသောအခြေအနေများအောက်၍ ကျွန်ုပ်တို့ထံသို့ရောက်လာသောအတွေ့အကြုံများနှင့် သင်ခန်းစာအချို့တို့ကို ဘုရားသခင်သည် ကျွန်ုပ်တို့အားပေးခဲ့ပြီးနောက် လုပ်ထုံးလုပ်နည်းအစီအစဉ်များပြောင်းလဲနိုင်ပြီး ဘုရားသခင်၏မစတော်မူခြင်းနှင့်စပ်ဆိုင်သော ရည်ညွှန်းချက်များသည် အသစ်သောအခြေအနေများနှင့်ပတ်ဝန်းကျင်များသို့(သို့)ကျေးဇူးပြုခြင်းနှင့် ကျေးဇူးကင်းမဲ့သောအခြေအနေနှစ်မျိုးလုံးရှိသော ခါးသီးသောအခြေအနေအချို့သို့ပို့ဆောင်နိုင်ပါသည်။ ၄င်းသည်စစ်မှန်သော ဝိညာဉ်ပိုင်းဆိုင်ရာ ခ္ရီသရေလလူမျိုးတို့အတွက် ငြီးတွားရန်နှင့်အပြစ်တင်ရန်မဟုတ်ပါ။ရွေးချယ်မှုဝိညာဉ်ပိုင်းဆိုင်ရာတစ်ခုကို ဖော်ပြရန်ပင်လျှင်မဟုတ်ပါ။လမ်းညွှန်မှုအတွက် ဘုရားသခင်ထံမျှော်ကြည့်ရန်ဖြစ်ပါသည်။အကယ်၍ သူသည်ဘုရားသခင်၏မစတော်မူခြင်းနှင့်စပ်ဆိုင်သော ဦးဆောင်မှုကိုသိမြင်နားလည်နိုင်မည်ဆိုလျှင် (ယခင်ကအခြေအနေထက်ပိုပြီးခြောက်ကပ်လျက် လိုလားခြင်းမရှိသော သဲကန္တာရအခြေအနေ၌ ရှိခဲ့နေလျှင်ပင်)သူသည် ယုံကြည်စိတ်ချမှုသီချင်းများနှင့်အတူ သံသယကင်းစွာဘုရားသခင်၏လမ်းညွှန်မှုနောက်သို့ လိုက်မည်ဖြစ်ပါသည်။

## February 22 (ဖေဖော်ဝါရီလ ၂၂)

**သင်တို့၏ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့်ကင်းလွတ်၍ကိုယ်၌ရှိသောဥစ္စာနှင့်ရောင့်ရဲခြင်းရှိကြလော့။အကြောင်းမူကား ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထားဟုကတိတော်ရှိ၏။(ဟေ ၁၃း၅)**

တစ်ကိုယ်ကောင်းဆန်သော ဆုတောင်းခြင်းများသည် အဖိုးအခအလွန်များပါသည်။အချို့တို့သည်ကြွယ်ဝမှုကိုရရှိခဲ့ကြပြီး သမ္မာတရားနှင့် ၄င်း၏အစေခံခြင်းကိုဆုံးရှုံးကြပါသည်။အချို့တို့သည် ကျန်းမာခြင်းကိုရရှိခဲ့ကြပြီး သူတို့သည်၄င်းနှင့်အတူအခြားသောများပြားပြင်းထန်သည့်အခက်အခဲများကိုရရှိသောကြုံတွေ့မှုသာလျှင်ဖြစ်ပါသည်။အချို့တို့သည် သူတို့၏ချစ်လှစွာသောသူအား သေမင်း၏ခံတွင်းထဲမှပြန်လည်ရရှိခဲ့ကြပြီးနောက်ပိုင်းတွင် ဘုရားသခင်သည် သူတို့၏ဆုတောင်းခြင်းများကိုအဖြေမပေးပါဟူ၍ ဆန္ဒရှိရုံသာလျှင်ဖြစ်ပါသည်။သူတို့သည် ဘုရားသခင်၏ဉာဏ်ပညာနှင့်မစတော်မူခြင်းကိုခိုလှုံကိုးစားစွာ၊ ရောင့်ရဲစွာ၊ သံသယကင်းစွာဖြင့် ဆန္ဒရှိရန်သည် ပို၍မှန်ကန်သင့်လျော်ပါသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ ခ္ရီသရေလသည် သူတို့လမ်းလှမ်းမှီသည့်အတွင်း၌ရှိသည့်အတိုင်း ထိုကဲ့သို့သောအရာများကို ပညာသတိရှိစွာဖြင့်အသုံးပြုသင့်ပါသည်။ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဘုရားသခင်၏လက်ဆောင်များအဖြစ် အရာခပ်သိမ်းကိုလက်ခံခြင်းအားဖြင့် အသုံးပြုသင့်ပါသည်။သို့သော် သူတို့၏အသနားခံခြင်းများသည် ကြံ့ကြံ့ခံသည်းခံခြင်းနှင့် ရောင့်ရဲသောစိတ်တို့အပါအဝင် ဝိညာဉ်ပိုင်းဆိုင်ရာလက်ဆောင်များအတွက် ဖြစ်သင့်ပါသည်။

## February 23 (ဖေဖော်ဝါရီလ ၂၃)

**သင့်ကိုငါသွန်သင်မည်။ သင်သွားရမည့်လမ်းကို ပြည့်ွန်မည်။ သင့်ကို ကြည့်ရှုပြုစုမည်။(ဆာ ၃၂း၈)**

ဝိညာဉ်ပိုင်းဆိုင်ရာ ကြသရေလတို့ လေ့လာရန်အတွက် အလွန်အရေးကြီးသောသင်ခန်းစာများထဲမှတစ်ခုမှာအသက်တာ၏အခန်းအတာအားလုံးတို့၌ ဘုရားသခင်၏လမ်းပြမှုကို ကြည့်ရှုရန်ဖြစ်ပါသည်။ ဘုရားသခင်၏ အလိုတော်နှင့်ပတ်သက်၍သတိပြုရန် ရှာဖွေခြင်းမရှိဘဲ တဒင်္ဂဆိုင်ရာလိုအပ်ချက်များ (သို့)ဝိညာဉ်ပိုင်းဆိုင်ရာများကို ရရှိရန်ဘယ်တော့မှ မကြိုးပမ်းကြပါနှင့်။ကျွန်ုပ်တို့သည်ခါနန်သို့ချီတက်နေကြသူများဖြစ်ကြပြီး အခြားသော အတွေ့အကြုံများသည် ကျွန်ုပ်တို့တွေ့သင့်သောအရာများဖြစ်ကြသည်ကို သိမှတ်လျက် ကတိတော်များကို ကျွန်ုပ်တို့အမွေမခံမီ ကျွန်ုပ်တို့သည် ကောင်းသော ပြောင်းလဲခြင်းကို ခံစားရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် သင်ခန်းစာမှာ ညည်းညူခြင်းများမရှိဘဲ ကောင်းမြတ်ခြင်းနှင့် သစ္စာရှိခြင်း၌ အထက်ဖော်ပြပါ ယုံကြည်ခြင်းနှင့် စပ်ဆိုင်သော သင်ခန်းစာနှင့် သူတို့အားပေးခဲ့တော်မူသော သင်ခန်းစာများကို သင်ယူခဲ့ကြသော သူတို့၏ အပိုင်းတွင်ဤအရာများကို မျှော်လင့်ရှုသာရှိပါသည်။

## February 24 (ဖေဖော်ဝါရီလ ၂၄)

**ဇာတိပကတိကြောင့်၊ ပညတ်တရားသည် အားနည်း၍မတတ်နိုင်သော အမှုကိုဘုရားသခင်ပြုတော်မူခြင်းငှာ၊ အပြစ်နှင့်ပြည့်စုံသော ဇာတိပကတိ၏ သဏ္ဍာန်ကိုဆောင်သော မိမိသားတော်ကို စေလွှတ်တော်မူ၍အပြစ်ဖြေဘို့ရာ ဇာတိပကတိ၌ အပြစ်ကိုဒဏ်ပေးတော်မူ၏။ အကြောင်းမူကား ဇာတိပကတိတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သော ငါတို့သည်၊ တရား၌ပါသော ပညတ်တို့ကိုစောင့်ရှောက်မည့်အကြောင်းတည်း။**

ဤအာမခံချက်များ၌ မည်မျှလောက် ကျေနပ်နှစ်သိမ့်စရာဖြစ်သည် မဟုတ်ပါလော၊ဤအရာများသည် အသက်တာအတွက် အလွန်အံ့ဩဖွယ်ရာကောင်းသော စကားတော်များ အမှန်ဖြစ်ပါသည်။သူတို့သည် ကျွန်ုပ်တို့အား မျှော်လင့်ခြင်းနှင့်အတူ ပြည့်ဝစေပါသည်။ အကယ်၍ဘုရားသခင်သည် စုံလင်ပြည့်စုံသောနှလုံးသားဆန္ဒစိတ်များကို လက်ခံမည်ဆိုလျှင်(ဇာတိပကတိ၏ လုံးဝဥဿုံစုံလင်ခြင်းအစား) ကျွန်ုပ်တို့အတွက် သတ်မှတ်ထားသော စံနှုန်းကို (စုံလင်ခြင်းအဆင့်)ရရှိခြင်းအတွက် မြော်လင့်ခြင်းသည် ကျွန်ုပ်တို့တွင် ရှိကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ပကတိအတိုင်း (သို့)နောက်သို့လိုက်နိုင်သော်လည်း ကျွန်ုပ်တို့၏ ပျက်စီးနိုင်သော ခန္ဓာကိုယ်များသဘောအရ ကျွန်ုပ်တို့သည် ဝိညာဉ်ပကတိ တောင်းဆိုချက်များအထိ မလျှောက်လှမ်းနိုင်ပါ။ ကျွန်ုပ်တို့၏ စိတ်ဆန္ဒများသည် စုံလင်နိုင်ပါသည်။ ဤအရာသည် ကျွန်ုပ်တို့ထံမှ ကောင်းကင်ဘုံရှင် ခမည်းတော်ဘုရားသခင် ရှာဖွေလျက်ရှိသော စိတ်နှလုံး၌ စုံလင်ခြင်း (ရည်ရွယ်ချက်များ၌ စုံလင်ခြင်း) ဖြစ်ပါသည်။

## February 25(ဖေဖော်ဝါရီလ ၂၅)

**လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်သာမဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်။ (မ ၄း၄)**

လူ၏အသက်သည် သူပိုင်ဆိုင်ထားသည့် အဝတ်အစားအစာကြွယ်ဝချမ်းသာခြင်းအပေါ်ပဓာန မကျဘဲအပြည့်စုံဆုံး၊ အမြင့်ဆုံးသော သိမြင်နားလည်ခြင်း၌ သူ၏အသက်သည် ဘုရားသခင်အလိုတော်၌ သူ၏အထူးဂရုစိုက်သော အာရုံစိုက်ခြင်းအပေါ်တွင်မူတည်သည်ဟူသော သင်ခန်းစာကို ကျွန်ုပ်တို့လေ့လာကြရမည်ဖြစ်ပါသည်။ ဆိုဆုံးမမှုတိုင်း၊ အားပေးမှုတိုင်းနှင့် ဂတိတော်တိုင်းသည် နိုင်ငံတော်၌ သူ၏သားတော်နှင့်အတူတကွ အမွေခံအဖြစ်ထာဝရအသက်အတွက် ယခုဘုရားသခင်၏ခေါ်တော်မူခြင်းကိုခံရကြသောသူတို့၏ တိုးတက်ခြင်းအတွက် မဖြစ်မနေလိုအပ်ပါသည်။သခင်ယေရှု၏တပည့်တော်များအဖြစ် ဤကျမ်းညွှန်းမှစကားတော်များ၏ သွန်သင်မှုအပေါ်တွင် နှလုံးသွင်းလျက် အသက်ရှင်ကျင်လည်ခြင်း၌ ပို၍ပို၍ စောင့်ထိန်းကြပါစို့။

## February 26(ဖေဖော်ဝါရီလ ၂၆)

**သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။တဖန် ငါဆိုသည်ကားဝမ်းမြောက်ကြလော့။ (ဖိ ၄း၄)**

အလွန်ဝမ်းမြောက်သော ခရစ်ယာန်များ-များစွာ ကျွန်ုပ်တို့တွင်မရှိနိုင်ပါ။အကယ်၍ သူတို့သည် သခင်ဘုရား၌ ဝမ်းမြောက်ကြမည်ဆိုလျှင် သူတို့သည်များစွာဝမ်းမြောက်နိုင်မည်မဟုတ်ပါ။ဤဝမ်းမြောက်ခြင်းသည် မဖြစ်မနေ မြူးထူးသောင်းကျန်းသော ဝမ်းမြောက်ခြင်းမဟုတ်ပါ။ဆန့်ကျင်ဘက်ပြောင်းပြန်ဖြစ်သော ဝမ်းမြောက်ခြင်းမဟုတ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် အသက်တာထဲ၌ ကျေနပ်ခြင်း၊ ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်း၊ တည်ငြိမ်ခြင်းကို ရည်ညွှန်းပါသည်။အချို့သောသူများ လွဲမှားစွာထင်သကဲ့သို့ဆူညံသော သရုပ်ပြခြင်းသည် မဖြစ်မနေလိုအပ်သည်ဟု ဆိုလိုနေခြင်းမဟုတ်ပါ။အသစ်သော သတ္တဝါများအဖြစ် သူတို့၏အမြင့်ဆုံးသော သာယာပျော်ရွှင်မှုအတွက် ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်ကိုလည်းကောင်း၊ သူ၏ကတိတော်များသည် ယုံကြည်စိတ်ချရသည်ဟူ၍လည်းကောင်း၊ ဘုရားသခင်နှင့်အတူ သူတို့၏တလုံးတဝဖြစ်ခြင်းကို အမြဲတမ်းယုံကြည်နိုင်သောသူများ၊ ဘုရားသခင်နှင့် အလွန်နီးကပ်စွာ အသက်ရှင်ကြသော သူတို့သည် အစဉ်မပြတ်ဝမ်းမြောက်နိုင်သော သူတို့သာလျှင်ဖြစ်ပါသည်။

## February 27(ဖေဖော်ဝါရီလ ၂၇)

**လူအပေါင်းတို့ ရှေ့၌ သင်တို့၏ဖြည်းညှင်းခြင်းသဘောကို ထင်ရှားစေကြလော့။(ဖိ ၄း၅)**

ဤနေရာ၌“ဖြည်းညှင်းခြင်းသဘော”ဟု ရည်ညွှန်းထားသော ဂရိစကားလုံးသည် ကျိုးကြောင်းဆီလျော်ခြင်းနှင့်စပ်ဆိုင်သော တွေးတောစဉ်းစားခြင်းနှင့်အတူ လုပ်ဆောင်ရန်ထင်မြင်ရပြီး ကျွန်ုပ်တို့၏မှန်ကန်မှုများ၊ လုပ်ပိုင်ခွင့်များကို အလွန်ပြင်းထန်စွာတောင်းဆိုနေခြင်းမဟုတ်ပါ။ ဂရုဏာနှင့် ငဲ့ညာသနားခြင်းတို့သည် ဘိသိတ်ပေးခြင်းခံရသော ကိုယ်၏အင်္ဂါများဖြစ်ကြလိမ့်မည်ဖြစ်သောသူအားလုံးအတွက် အသေအချာလိုအပ်သောအရည်အချင်းများဖြစ်ကြပါသည်။ ဖြစ်နိုင်သည့်အတိုင်း ပြုမူလုပ်ဆောင်ခြင်း၌ သစ္စာရှိခြင်း၊ တရားသဖြင့် စီရင်ခြင်းတို့သည် ကျွန်ုပ်တို့အသက်တာ၌ လိုအပ်ပါသည်။ အခြားသူများထံမှ ကျွန်ုပ်တို့၏လိုအပ်ချက်များနှင့်စပ်ဆိုင်သော တရားသဖြင့်စီရင်ခြင်းများအားလုံးနှင့်ပတ်သက်၍ ဂရုဏာရှိခြင်းသည် ကျွန်ုပ်တို့၏စည်းမျဉ်းဖြစ်သင့်ပါသည်။ထို့ကြောင့် ကျွန်ုပ်တို့သည်ကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်ဘုရားသခင်၏သားသမီးများဖြစ်ကြလိမ့်မည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကျေးဇူးမတင်သော သူတို့အပေါ်တွင်လည်း ချစ်သနားခြင်း ဂရုဏာရှိသောကြောင့်ဖြစ်ပါသည်။

## February 28(ဖေဖော်ဝါရီလ ၂၈)

**အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌာနပြုသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့။ (ဖိ ၄း၆)**

“သူ၏ဂတိတော်များကို တောင်းဆိုခြင်း၊ သူထံ၌ကျွန်ုပ်တို့၏အသနားခံခြင်းများကို ပြုလုပ်ခြင်းမရှိဘဲ သူသိမြင်လျက်ရှိတော်မူသော ကျွန်ုပ်တို့၏လိုအပ်သောအရာများကို ဘုရားသခင်သည် အဘယ်ကြောင့်ပေးမည်မဟုတ်ပါသနည်း”ဟု မေးစရာမေးခွန်းများ ပေါ်ထွက်လာနိုင်ပါသည်။အခွင့်အလမ်းရှိစေမည့်သူ၏ကျေးဇူးပြုခြင်းများကို လက်ခံရရှိရန် မှန်ကန်သင့်လျော်သည့်သဘောထားထဲ့သို့ ဦးစွာလာရန်အသေအချာ ကျွန်ုပ်တို့လိုအပ်နေသောကြောင့်ဖြစ်သည်။ယခုထိတိုင် ကျွန်ုပ်တို့အပေါ်၌ပေးအပ်တော်မူခဲ့သော ဘုရားသခင်၏ကူညီမစမှုကို ကျွန်ုပ်တို့သည် လုံလောက်စွာအသိအမှတ်ပြုခြင်းမရှိသည်မှာအသေအချာဖြစ်နိုင်ပါသည်။ဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း သဘောထား၌ပင်လျှင် ကျွန်ုပ်တို့သည် ကျေးဇူးတင်ခြင်းအတွက် ကျွန်ုပ်တို့၏အနေအထား တစ်ဝက်ကိုမျှ သင့်လျော်စွာနားလည်သဘောပေါက်ခြင်းမရှိကြပါ။ထိုအရာများကို တဖြည်းဖြည်း ကျွန်ုပ်တို့သည် တွေ့မြင်သည့်နည်းတူ၊ ကျွန်ုပ်တို့ကို သိသကဲ့သို့ ကျွန်ုပ်တို့သည် သိမြင်လာသောအခါ မှန်ကန်လာသည့် သဘောထားနှင့်တောင်းလျှောက်နိုင်မည်ဖြစ်ပါသည်။

## February 29 (ဖေဖော်ဝါရီလ ၂၉)

**ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌တည်၏။ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏။(၁ယော ၄း၁၆)**

တရားသဖြင့် စီရင်ခြင်းသည် အတိုင်းအတာပမာဏတခုကို အပြည့်အဝပြည့်စေပါသည်။ သို့သော်ချစ်ခြင်းမေတ္တာသည် အတိုင်းအတာကိုပြည့်စေရုံသာမက လျှပ်လျက်၊ ဖိနှိပ်လျက်၊ အမြောက်အမြားဖြစ်လျက်တရားစီရင်ခြင်းကို ပိုလျှံစေပါသည်။ထို့ကြောင့် အခိုင်အမာတောင်းဆိုရမည့်အရာမဟုတ်သလိုမကျေနပ်မှုညည်းညူမှုကို တင်ပြရန်မရှိဘူးဟူ၍လည်းမဟုတ်ပါ။ကျေးဇူးပြုခြင်းတခုအဖြစ်ကျေးဇူးတင်စွာဖြင့်အသိအမှတ်ပြုသောကျေးဇူးတင်ရန်နှင့် ရက်ရောစွာအပြန်အလှန်သဘောထားရန်ဖြစ်ပါသည်။ချစ်ခြင်းမေတ္တာ အလွန်တောင့်တသောသူတိုင်း ၎င်း၏အမြင့်ဆုံးသောခံစားချက်၌တောင့်တသော စိတ်ရှိသင့်ပါသည်။(ရှိသေလေးမြတ်ခြင်းသဘောထား)သို့သော် ဤချစ်ခြင်းမေတ္တာအမျိုးအစားသည် အလွန်တန်ဖိုးကြီးလှပါသည်။၎င်းကိုရရှိရန်တခုတည်းသောနည်းလမ်းမှာအမှန်တကယ်မွန်မြတ်သော သူတို့ထံမှထွက်လာ၍ သတ်မှတ်ထားသောစရိုက်လက္ခဏာ၏မွန်မြတ်ခြင်းကို ထင်ရှားပြသရန်ဖြစ်ပါသည်။